စိတ်ကူးချိုချိုမှပေးပို့သည်

အလှပဆုံး အိဒီယံများ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

အလှပဆုံး
အီဒီယံများ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

mmm0028

2000.00 Ks

mgyoe.com

အလုပ်သုံးအိဒီယံများ။ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)
အပြင်အဆင် - အမ်အက်စ်အို၊ စာမျက်နှာ ၁၅၈+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

အလှပဆုံးအိဒီယံများ

မောင်မောင်မြင့်သိန်း

(စက်မှုတက္က သိုလ်)

ပထမအကြိမ်၊ ၂၀၁၅

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

CONTENTS

– စာရေးသူ၏အမှာစာ I

1. ALL THUMBS 1
2. AT LOGGERHEADS 2
3. BE ON TARGET 4
4. BEAT THE BAND 5
5. BEAT TO THE DRAW 6
6. BIG FROG (FISH) IN A SMALL POND 8
7. BLOW (TOOT) ONE'S OWN HORN 11
8. BURN RUBBER 12
9. BURN UP THE ROAD 14
10. BUTT IN 16
11. BY WORD OF MOUTH 18
12. CALL THE SHOTS 19
13. CHICKEN 21
14. CLOWN AROUND 23
15. COME OUT OF ONE'S SHELL 25

mgyoe.com

mgyoe.com

16. COOK UP 26
17. CRY OVER SPILLED MILK 26
18. CUT OFF ONE'S NOSE TO SPITE ONE'S FACE 29
19. DEAD TO THE WORLD 30
20. DOWN IN THE DUMPS 31
21. EAGER BEAVER 33
22. FLAT BROKE 34
23. GET A WORD IN (EDGEWISE) 36
24. GET HOLD OF 37
25. GET IT ALL TOGETHER 40
26. GET IT IN THE NECK 42
27. GET ONE'S GOAT 44
28. GET SET 45
29. GET THE MESSAGE 46
30. GET THROUGH ONE'S HEAD 47
31. GIFT OF GAB 50
32. GIVE A HARD TIME 51
33. GIVE A RING 53
34. GIVE (LEND) AN EAR TO 54
35. GO AT IT HAMMER AND TONGS 55
36. GREEN THUMB 58
37. HANG IN THE BALANCE 59
38. HANG-UP 60
39. HARD ACT TO FOLLOW 64
40. HARD (TOUGH) ROW TO HOE 65

mgyoe.com

mgyoe.com

41. HAVE ONE'S HANDS FULL 66
42. HAVE THINGS (MATTERS) WELL IN HANDS 68
43. HEAD AND SHOULDERS 69
44. HEAD-ON 70
45. HEAD OVER HEELS 72
46. HIT THE JACKPOT 74
47. HIT THE NAIL ON THE HEAD 75
48. HOP IN 77
49. HORSE OF ANOTHER (A DIFFERENT) COLOR 78
50. HOT UNDER THE COLLAR 79
51. IN A BIND (BOX) 81
52. IN A STEW 83
53. IN A TIGHT SPOT 84
54. IN THE CHIPS 85
55. IN THE DOGHOUSE 87
56. JUMP (CLIMB, GET) ON THE BANDWAGON 88
57. KEEP ONE'S COOL 89
58. KEEP ONE'S EYES PEELED 90
59. KEEP ONE'S FINGERS CROSSED 92
60. KEYED UP 93
61. KNOW IF (WHETHER) ONE IS COMING OR GOING 95
62. LEAD A MERRY CHASE 97

mgyoe.com

mgyoe.com

63. LET SLEEPING DOGS LIE 98
64. LIKE WATER OFF A DUCK'S BACK 99
65. LOSE ONE'S TEMPER 101
66. LUCKY DOG 102
67. MISS THE BOAT(BUS) 103
68. MONEY TO BURN 105
69. MONEY BUSINESS 106
70. NAME OF THE GAME 109
71. NUMBER ONE 110
72. ON THE POINT OF 113
73. OUT OF CIRCULATION 114
74. OUT ON A LIMB 116
75. PADDLE ONE'S OWN CANOE 117
76. PLAY IT BY EAR 119
77. POOPED (OUT) 120
78. POP THE QUESTION 122
79. PUPPY LOVE 123
80. PUT THE SQUEEZE ON 124
81. SAVE FOR A RAINY DAY 125
82. SAY A MOUTHFUL 127
83. SAY (SPEAK) ONE'S PIECE 129
84. SKATE ON THIN ICE 130
85. SLOW DOWN (UP) 131
86. SNAKE IN THE GRASS 134
87. HAVE SOMETHING TO CROW ABOUT 135
88. STAND ONE'S GROUND 136

mgyoe.com

mgyoe.com

89. STICK ONE'S NECK OUT (OR)
STICK ONE'S CHIN OUT 138
90. STRAIGHT FROM THE HORSE'S MOUTH 140
91. STRIKE IT RICH 141
92. SWEAT OUT 143
93. TAKE IT EASY (OR) TAKE THINGS EASY 145
94. TAKE IT ON THE CHIN 147
95. TAKE OFF 150
96. TOO BIG FOR ONE'S BRITCHES (BOOTS) 151
97. TURN THUMBS DOWN 152
98. UP IN THE AIR 154
99. UPTIGHT 156

❖

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

စာရေးသူ၏ အမှာစာ

အမေရိကန်လူမျိုးအများစုဟာ အီဒီယံ(Idiom) ကို အသုံးပြုကြပါတယ်။ အထူးသဖြင့် သူတို့ဟာ တစ်ဦးနဲ့တစ်ဦး စကားပြောဆိုရာမှာ အသုံးပြုကြပါတယ်။ တကယ်တော့ Idiom တွေဟာ အမေရိကန် အင်္ဂလိပ်စာရဲ့ အလွန်အရေးကြီးတဲ့ အစိတ်အပိုင်းပုံစံတစ်ခုဖြစ်ပါတယ်။ Idiom တွေဟာ လက်ရှိစကားလုံးတွေ (Existing words) ကို ယူပြီး ခံစားမှုအသစ်နဲ့ အဲဒါတွေပေါင်းစပ်ပြီး expression အသစ် အနေနဲ့ ဖော်ဆောင်ကြပါတယ်။

အီဒီယံရဲ့အဓိပ္ပာယ်ကိုလေ့လာကြည့်တဲ့အခါ "သူတို့ရဲ့ ကိုယ်ပိုင်အဓိပ္ပာယ်ရှိပြီးသား စကားလုံးတွေရဲ့ အုပ်စုတစ်စုကို အဓိပ္ပာယ် အသစ်နဲ့သတ်မှတ်ခြင်း"လို့ ဖော်ပြထားတာ တွေ့ရပါတယ်။ အီဒီယံတွေကို စာပေ (Literature) မှာ တွေ့ရပေမယ့် သဘာဝအားဖြင့် Informal ပုံစံလို့ပဲ ထင်နေကြတယ်။ အဲဒါကြောင့် အီဒီယံတွေဟာ ဗန်းစကားတွေ (Slangs) ဖြစ်တယ်လို့ အချို့ကဆိုကြတယ်။ အချို့ကတော့ အရပ်သုံးစကား/ နှုတ်ပြောစကား(Colloquial) လို့လည်း ဆိုကြပါတယ်။ အီဒီယံတွေဟာ Adjective, Adverb, Verb နဲ့

mgyoe.com

mgyoe.com

Proverb ပုံစံနဲ့လည်း ရှိနိုင်ပါတယ်။

တကယ်တော့ ဒီစာအုပ်ဟာ Dean Curry ရဲ့ Illustrated American Idioms ကို မြန်မာမှုပြုထားတာဖြစ်ပါတယ်။ ဒီစာအုပ်ရဲ့ ထူးခြားမှုက တခြားအီဒီယံစာအုပ်တွေနဲ့မတူဘဲ အီဒီယံကို အဆင့်မြင့်မြင့် လေ့လာချင်သူတွေအတွက် ဝေါဟာရဖွံ့ဖြိုးမှု (Development of Vocabulary) ကို ရရှိစေမှာ ဖြစ်ပါတယ်။ ပြီးတော့ အီဒီယံ ၉ မျိုးအတွက် သရုပ်ဖော်ပုံတွေနဲ့ ယှဉ်တွဲဖော်ပြထားပါတယ်။ သရုပ်ဖော်ပုံတွေ ကြည့်ရင်းနဲ့ အီဒီယံတစ်ခုစီရဲ့ အဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်း သိနိုင်ပါတယ်။ ပြီးတော့ ဒီစာအုပ်မှာပါရှိတဲ့ အီဒီယံတွေဟာ လူ့လောကနယ်ပယ်ကဖြစ်ရပ်တွေနဲ့အညီ ဖြစ်လေ့ဖြစ်ထ၊ ပြုလေ့ပြုထ ရှိတဲ့ Funcational Activities တွေကို ဖော်ညွှန်းတင်ပြထားတာက ထူးခြားလှပါတယ်။ Advanced Level ကို ရည်ညွှန်းထားလို့ American English ကို စနစ်တကျ လေ့လာချင်သူတွေအတွက် ဒီစာအုပ်က အထောက်အကူပြုမယ်လို့ စာရေးသူ ယုံကြည်ပါတယ်။

သည်စာအုပ်ရဲ့ ထူးခြားချက်က တင်ပြပုံဖြစ်ပါတယ်။ အီဒီယံရဲ့အဓိပ္ပာယ် (Definition) ကို စဖွင့်ပြီး သရုပ်ဖော်ပုံကိုညွှန်းတဲ့ ဝါကျကို နမူနာပြထားပါတယ်။ Paraphrase ကို ထည့်သွင်းထားလို့ အဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်း နားလည်စေနိုင်ပါတယ်။ ပြီးတော့ Synonymous Expression ကလည်း ယှဉ်တွဲ လေ့လာဖွယ်ရာ တစ်ခု ဖြစ်ပါတယ်။

စေတနာအနန္တနဲ့

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

၁၅၀/ဘီ၊ ဗားကရာလမ်းမ၊ စမ်းချောင်း၊ ရန်ကုန်မြို့။

mgyoe.com

mgyoe.com

ALL THUMBS

All ရဲ့ အဓိပ္ပာယ်က အားလုံးဖြစ်ပြီး Thumbs ရဲ့ အဓိပ္ပာယ်က လက်မများဖြစ်ပါတယ်။ အဲဒါကြောင့် All Thumbs ရဲ့ တိုက်ရိုက် အဓိပ္ပာယ်ကတော့ "လက်မအားလုံး" ဖြစ်ပါတယ်။

All Thumbs ရဲ့ အီဒီယံအဓိပ္ပာယ်ကတော့ –

Definition : Awkward, especially with one's hands; clumsy

Awkward က Adjective ဖြစ်ပြီး "အချိုးမပြေသော၊ အနေခက်သော၊ ကသိကအောက်ဖြစ်သော၊ ခွကျသော၊ ခွတီးခွကျဖြစ်သော၊ ဆက်ဆံရခက်ခဲသော၊ ကိုးရိုးကားရားနိုင်သော" လို့ အဓိပ္ပာယ် ယူလို့ရပါတယ်။

Clumsy ကလည်း Adjective ဖြစ်ပြီး "ပုံပန်းမကျသော၊ ကချော်ကချွတ်နိုင်သော၊ အချိုးမကျသော၊ လိမ္မာပါးနပ်မှုမရှိသော" လို့ အဓိပ္ပာယ် ယူလို့ ရပါတယ်။

အဲဒါကြောင့် all thumbs ရဲ့ အီဒီယံအဓိပ္ပာယ်ကတော့ တစ်ဦးတစ်ယောက်ရဲ့လက်တွေက လှုပ်ရှားမှုမှာ အချိုးမကျဘဲ ကချော်ကချွတ်နိုင်နေတဲ့သဘောကို ဆိုလိုပါတယ်။

ဒီအီဒီယံအသုံးအနှုန်းနဲ့ ပတ်သက်တဲ့ ဥပမာတွေကို လေ့လာကြည့်ရအောင်။

mgyoe.com

mgyoe.com

E.g (1)

Walter tried to fix the broken table but couldn't. He was <u>all thumbs</u>.

ဝေါ်လ်တာဟာ ကျိုးနေတဲ့စားပွဲကို ပြန်ဆက်ဖို့ကြိုးစားခဲ့ပေမယ့် ဆက်လို့မရနိုင်ခဲ့ပါဘူး။ သူ့လက်တွေရဲ့လှုပ်ရှားမှုက အချိုးမကျဘဲ ကချော်ကချွတ်ဖြစ်နေခဲ့တယ်။

E.g (2)

When it comes to using a hammer and saw, I'm <u>all thumbs</u>.

တူနဲ့လွှကို အသုံးပြုဖို့ ဖြစ်လာတဲ့အခါ ကျွန်တော့်လက်တွေက အချိုးမကျဘဲ ကချော်ကချွတ် ဖြစ်တတ်ပါတယ်။

(Paraphrase : I'm quite clumsy with a hammer and saw.)

တူနဲ့လွှနဲ့ဆိုရင် ကျွန်တော့်လက်တွေက လုံးဝအချိုးမပြေဘဲ ကချော်ကချွတ်ဖြစ်တတ်ပါတယ်။

❖

AT LOGGERHEADS

At Loggerheads ရဲ့ တိုက်ရိုက်အဓိပ္ပာယ်ကတော့ "ရန်ဖြစ်ခြင်းမှာ" လို့ ဆိုနိုင်ပါတယ်။

Definition : In a quarrel ; in a fight ; opposing each other.

At Loggerheads ရဲ့ အိဒီယံအဓိပ္ပာယ်ကတော့ ရန်ဖြစ်ခြင်းမှာ၊ တိုက်ခိုက်ခြင်းမှာ၊ တစ်ဦးနဲ့တစ်ဦး မျက်နှာချင်းဆိုင် ဆန့်ကျင်ဘက်ဖြစ်ခြင်းကို ဖော်ညွှန်းပါတယ်။

mgyoe.com

mgyoe.com

E.g (1)

Marvin and Madge are <u>at loggerheads</u> again. They don't seem to agree on anything.

မာဗင်(န်)နဲ့ မက်(ဂျ်)တို့ကတော့ ထပ်မံပြီး ရန်တကျက်ကျက် ဖြစ်ကြပြန်ပြီ။ တစ်စုံတစ်ရာနဲ့ ပတ်သက်လို့ သူတို့ သဘောမတူကြတဲ့ဟန်ပဲ။

(Paraphrase : They are opposing each other because of their constant disagreement on matters.)

ကိစ္စရပ်တွေမှာ သူတို့ရဲ့ မပြောင်းလဲတဲ့ သဘောမညီမှုတွေကြောင့် သူတို့ဟာ တစ်ဦးနဲ့တစ်ဦး ဆန့်ကျင်ဘက် ဖြစ်နေကြတယ်။

E.g (2)

The two politicians have been <u>at loggerheads</u> for 20 years over the issue of a highway construction.

နိုင်ငံရေးသမားနှစ်ဦးဟာ အဝေးပြေးလမ်းမကြီး ဆောက်လုပ်ရေး ပြဿနာပေါ်မှာ ရန်စောင်နေကြတာ အနှစ် နှစ်ဆယ်ကြာခဲ့ပါပြီ။

(Paraphrase : They have been opposing each other for 20 years on a political question.)

သူတို့ဟာ နိုင်ငံရေးမေးခွန်းတစ်ခုနဲ့ ပတ်သက်လို့ အနှစ် နှစ်ဆယ်ကြာ တစ်ဦးနဲ့တစ်ဦး ရန်ဖြစ်နေခဲ့ကြတယ်။

Related Expression (ဆက်နွှယ်ဖော်ပြချက်)

At Odds = In conflict or disagreement ; opposed

ပဋိပက္ခ (သို့) သဘောမတူမှု၊ ဆန့်ကျင်ဘက် ဖြစ်ခဲ့တယ်။

❖

mgyoe.com

(to) BE ON TARGET

Be On Target ရဲ့ တိုက်ရိုက်အဓိပ္ပာယ်ကတော့ "ပစ်မှတ်ပေါ်မှာ ရှိဖို့" ဖြစ်ပါတယ်။

အီဒီယံ အဓိပ္ပာယ်ကတော့ –

Definition : To achieve a desired goal ; to be correct in one's analysis or assessment of something.

(to) Be on Target ရဲ့ အီဒီယံ အဓိပ္ပာယ်ကို ရှင်းပြရရင် "လိုအင်ဆန္ဒရှိတဲ့ ရည်မှန်းချက်ပန်းတိုင် ရရှိအောင်မြင်ဖို့၊ တစ်ဦးတစ်ယောက်ရဲ့ ဆန်းစစ်သုံးသပ် အကဲဖြတ်မှုမှာ မှန်ကန်မှုရှိဖို့ (ဒါမှမဟုတ်) တစ်စုံတစ်ရာ ချင့်ချိန်ဆုံးဖြတ်မှု၊ အကဲဖြတ်မှု"လို့ အဓိပ္ပာယ်ကောက်ယူလို့ ရပါတယ်။

E.g (1)

Sam says that he <u>is on target</u> in the law career.

ဆမ်က သူဟာ ဥပဒေနဲ့ အသက်မွေးမှုမှာ လိုချင်ဆန္ဒရှိတဲ့ ပန်းတိုင်ကို ရရှိအောင်မြင်ပြီလို့ ဆိုပါတယ်။

(Paraphrase : He believes that he has achieved his desired goal.)

သူလိုချင်ဆန္ဒရှိတဲ့ သူ့ရဲ့ ရည်မှန်းချက်ပန်းတိုင်ကို သူ ရရှိထားပြီးပြီ ဆိုတာ သူ ယုံကြည်ထားတယ်။

E.g (2)

Your remark concerning the budget <u>was</u> right <u>on target</u>.

ဘတ်ဂျက်နဲ့ ပတ်သက်လို့ မင်းရဲ့မှတ်ချက်က ချင့်ချိန်အကဲဖြတ်မှုမှာ မှန်ကန်မှုရှိခဲ့တယ်။

(Paraphrase : Your assessment of the budget was en-

mgyoe.com

mgyoe.com

tirely correct.)

ဘတ်ဂျက်နဲ့ပတ်သက်လို့ မင်းရဲ့ ချင့်ချိန်ဆုံးဖြတ် အကဲဖြတ်မှုက လုံးဝမှန်ကန်ခဲ့တယ်။

Related Expression (ဆက်နွှယ်ဖော်ပြချက်)

= *Be on the Beam*

= *Hit the Bull's Eye*

❖

(to) BEAT THE BAND

Beat the Band ရဲ့ တိုက်ရိုက်အဓိပ္ပာယ်ကတော့ "ဘင်ခရာအဖွဲ့ကို အနိုင်ယူပါ" ဖြစ်ပါတယ်။

အီဒီယံအဓိပ္ပာယ်ကတော့ –

Definition : At great speed ; with a great deal of noise or commotion ; with a great deal of effort (used after 'to')

(to) Beat the band ရဲ့ အီဒီယံ အသုံးအနှုန်းကတော့ "ကြီးမားသော အရှိန်အဟုန်မှာ၊ ဆူဆူညံညံ အသံများစွာနဲ့အတူ (ဒါမှမဟုတ်) ဆူညံသောင်းကျန်းခြင်း၊ ပွက်လောရိုက်ခြင်း၊ ရုတ်ရုတ်သဲသဲဖြစ်ခြင်း၊ ကြိုးပမ်းမှုအများအပြားနဲ့" ဖြစ်ပါတယ်။ ဒီအီဒီယံက (to) ရဲ့နောက်က လိုက်ပါအသုံးပြုရပါတယ်။

E.g (1)

The police car was going down the highway <u>to beat the band</u>.

mgyoe.com

mgyoe.com

ရဲကားဟာ ကြီးမားတဲ့အရှိန်ပြင်းပြင်းနဲ့ အဝေးပြေးလမ်းမကြီးကို ဆင်းသွားလို့ နေခဲ့ပါတယ်။

(Paraphrase : It was going at full speed.)

ၒင်းဟာ အရှိန်ပြင်းပြင်းနဲ့ သွားနေခဲ့တယ်။

E.g (2)

After the team scored two goals in ten minutes, the spectators cheered, shouted, and clapped their hands <u>to beat the band</u>.

အသင်းဟာ ဆယ်မိနစ်အတွင်းမှာ ၂-ဂိုး သွင်းခဲ့ပြီးတဲ့နောက် ပွဲကြည့်သူတွေက ဩဘာပေးပြီး အော်ဟစ်ခဲ့ကြတယ်။ ပြီးတော့ ဆူဆူညံညံအသံတွေနဲ့ ပွက်လောရိုက်ပြီး လက်ခုပ်တီးခဲ့ကြတယ်။

(Paraphrase : The spectators indicated their approval as loud as they could.)

ပွဲကြည့်သူတွေက အသံကျယ်လောင်နိုင်သမျှ ကျယ်လောင်ပြီး သူတို့ရဲ့ ထင်ထင်ရှားရှား အားပေးမှုကို ဖော်ပြခဲ့ကြတယ်။

❖

(to) BEAT TO THE DRAW
(OR)
(to) BEAT TO THE PUNCH

Beat to the Draw ရဲ့ တိုက်ရိုက်အဓိပ္ပာယ်ကတော့ "မဲနှိုက်ခြင်းမှာ အနိုင်ရတယ်" ဖြစ်ပါတယ်။

အီဒီယံ အဓိပ္ပာယ်ကတော့ -

mgyoe.com

mgyoe.com

Definition : to do something before another person has a chance to do it.

(to) Beat to the draw (or) (to) beat to the punch ရဲ့ အိဒီယံအဓိပ္ပာယ် အသုံးအနှုန်းကတော့ "နောက်ထပ်ပုဂ္ဂိုလ်တစ်ဦးက တစ်စုံတစ်ရာကို ပြုလုပ်ဖို့ အခွင့်အရေးမရရှိခဲ့ခင်မှာ အဲဒါကို ပြုလုပ်ဖို့" ဖြစ်ပါတယ်။

E.g (1)

I had hoped to get that job in New Orleans, but Jake <u>beat</u> me <u>to the draw</u>.

နယူးအော်လန်(စ်)မှာ အဲဒီအလုပ်ရဖို့ ကျွန်တော် မျှော်လင့်ထားခဲ့ပေမယ့် ဂျိတ်က ကျွန်တော့် အရင် ရသွားခဲ့တယ်။

(**Paraphrase** : Jake applied and got the job before I did.)

ကျွန်တော် အလုပ်မရခင်မှာ ဂျိတ်က အလုပ်လျှောက်ခဲ့ပြီး အလုပ်ရသွားခဲ့တယ်။

E.g (2)

Leah wanted to buy that painting by Orsky, but Janice <u>beat</u> her <u>to the punch</u>.

လိ(ရ်)က အော်စကီရဲ့ အဲဒီပန်းချီကားကို ဝယ်ချင်ခဲ့တယ်။ ဒါပေမဲ့ ဂျန်နစ်က သူ့မအရင် ဝယ်သွားခဲ့တယ်။

(**Paraphrase** : Leah couldn't buy the painting because Janice bought it first.)

လိ(ရ်)က ပန်းချီကားကို မဝယ်နိုင်ခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ ဂျန်နစ်က အဲဒါကို အရင် ဝယ်ယူခဲ့လို့ပါပဲ။

mgyoe.com

mgyoe.com

Synonymous Expression(အဓိပ္ပာယ်တူ ဝေါဟာရဖော်ပြချက်)

Get the Jump On = To get ahead of ; to have an advantage over

Get the jump on ရဲ့ အီဒီယံအဓိပ္ပာယ်ကတော့ "ကြိုတင်ရရှိတယ်။ အားသာချက်ရရှိတယ်" ဖြစ်ပါတယ်။

❖

BIG FROG (FISH) IN A SMALL POND

Big frog (fish) in a small pond ရဲ့ တိုက်ရိုက်အဓိပ္ပာယ်ကတော့ "ရေကန်ငယ်ထဲက ကြီးမားတဲ့ ဖား (ငါး)' ဖြစ်ပါတယ်။

အီဒီယံအဓိပ္ပာယ်ကတော့ –

Definition : Someone who is considered to be important in a small places or position; a leader in a small group

Big frog (fish) in small pond ရဲ့ အီဒီယံအဓိပ္ပာယ် အသုံးအနှုန်းကတော့ "သေးငယ်တဲ့နေရာ (သို့) အနေအထားမှာ အရေးပါတယ်လို့ ယူဆထင်မြင်ခြင်းခံရတဲ့ တစ်ဦးတစ်ယောက်" ဖြစ်ပါတယ်။ နောက်ထပ် အဓိပ္ပာယ်ကတော့ "သေးငယ်တဲ့ အုပ်စုတစ်စုထဲက ခေါင်းဆောင်တစ်ဦး" ဖြစ်ပါတယ်။ (အနူတောက လူချောဆိုတာနဲ့ ခပ်ဆင်ဆင်တူပါတယ်။)

E.g (1)

In his hometown, he was a <u>big frog in a small pond,</u> but after he moved to a larger city, he was just one person among many millions.

သူနေထိုင်ရာမြို့မှာတော့ သူဟာ အရေးပါသူတစ်ဦးသို့ ယူဆခဲ့ပါ

mgyoe.com

mgyoe.com

တယ်။ ဒါပေမဲ့ ပိုမို ကြီးမားတဲ့ မြို့ကို သူ ပြောင်းရွှေ့ခဲ့ပြီးတဲ့နောက်မှာ သူဟာ လူသန်းပေါင်းများစွာထဲမှာ သာမန်ပုဂ္ဂိုလ်တစ်ဦးမျှသာ ဖြစ်ခဲ့ပါတယ်။

(**Paraphrase** : In his hometown he was respected city and honoured, but in the larger city no one knew him.)

သူနေထိုင်ရာမြို့မှာ သူ့ကိုလေးစားပြီး ဂုဏ်ပြုခဲ့ကြပေမယ့် မြို့ကြီးမှာတော့ သူ့ကို ဘယ်သူမှ မသိခဲ့ကြဘူး။

E.g (2)

Grant preferred being president of a small company - <u>a big frog in a small pond</u> - rather than becoming a vice-president of a large corporation at a larger salary.

ဂရန့်ဟာ ပိုမိုများပြားတဲ့လစာနဲ့ ကော်ပိုရေးရှင်းကြီးတစ်ခုမှာ ဒုတိယဥက္ကဋ္ဌရာထူး ရလာခြင်း ထက်စာရင် သေးငယ်တဲ့နေရာမှာ အရေးပါတယ်လို့ အထင်ခံရတဲ့ ကုမ္ပဏီလေးတစ်ခုမှာ ဥက္ကဋ္ဌဖြစ်ရခြင်းကို ပိုမိုနှစ်သက်ခဲ့ပါတယ်။

(**Paraphrase** : More money couldn't lure him away from the honour and respect of his position as a head of a small company.)

ကုမ္ပဏီငယ်တစ်ခုရဲ့အကြီးအကဲအနေနဲ့ သူ့ရာထူးကို ဂုဏ်ယူလေးစားခြင်းပျောက်မသွားအောင် ပိုမိုများပြားတဲ့ငွေကြေးက သူ့ကို မဆွဲဆောင်နိုင်ခဲ့ပါဘူး။

Related Expression (ဆက်နွှယ်ဖော်ပြချက်)

The Man = the boss , the leader , the most important person in an organization.

mgyoe.com

mgyoe.com

The Man ရဲ့ တိုက်ရိုက်အဓိပ္ပာယ်ကတော့ 'ယောကျ်ားကြီး' လို့ အဓိပ္ပာယ်ရပါတယ်။

အိဒီယံအဓိပ္ပာယ်ကတော့ အဖွဲ့အစည်းတစ်ခုမှာရှိတဲ့ ဘော့စ်၊ ခေါင်းဆောင်နဲ့ အရေးပါဆုံး ပုဂ္ဂိုလ်လို့ ဖော်ညွှန်းလို့ရပါတယ်။

Big Cheese

Big Gun

Big Shot

Big Wig

Big Wheel

ဒီ အိဒီယံစကားလုံးဖော်ပြချက်တွေရဲ့အဓိပ္ပာယ်ကတော့ "ပါဝါနဲ့ အကြီးမားဆုံး ဆက်သွယ် ဆောင်ရွက်နိုင်တဲ့လူ (သို့မဟုတ်) အကြီးမားဆုံး တရားဝင်လွှမ်းမိုးသူ" ဖြစ်ပါတယ်။

E.g

<u>The big shot</u> in my city is the Mayor because he controls all the activities of our city.

ကျွန်တော်တို့မြို့မှာ ပါဝါအရှိဆုံးပုဂ္ဂိုလ်ကတော့ မြို့တော်ဝန်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ ကျွန်တော်တို့မြို့ရဲ့ ဆောင်ရွက်မှုအားလုံးကို ထိန်းချုပ်ထားလို့ပါပဲ။

❖

mgyoe.com

mgyoe.com

(to) BLOW (TOOT) ONE'S OWN HORN

Blow ရဲ့ အဓိပ္ပာယ်က မှုတ်သည် (verb) ဖြစ်ပါတယ်။ Toot ကလည်း တိုတောင်းတဲ့ သတိပေး အသံနဲ့ မှုတ်သည် (verb) ဖြစ်ပါတယ်။ one's own horn ကတော့ တစ်ဦးတစ်ယောက်ရဲ့ ကိုယ်ပိုင်ခရာလို့ အဓိပ္ပာယ်ရပါတယ်။ အဲဒါကြောင့် blow (toot) one's own horn ရဲ့ တိုက်ရိုက်အဓိပ္ပာယ်ကတော့ 'တစ်ဦးတစ်ယောက်ရဲ့ ကိုယ်ပိုင်ခရာနဲ့ တိုတိုတောင်းတောင်း သတိပေးပြီး ခရာမှုတ်တယ်'လို့ ဆိုလိုပါတယ်။

အီဒီယံ အဓိပ္ပာယ်ကတော့ –

Definition : To praise oneself ; to call attention to one's skill, intelligence, or success ; to boast

(to) Blow (Toot) One's own horn ရဲ့ အီဒီယံ အသုံးအနှုန်းကတော့ "မိမိကိုယ်မိမိ ချီးမွမ်းတယ်" ဖြစ်ပါတယ်။ နောက်အဓိပ္ပာယ်ကတော့ "တစ်ဦးတစ်ယောက်ရဲ့ ကျွမ်းကျင်မှု၊ အသိဉာဏ်ထက်မြက်မှု (သို့) အောင်မြင်မှုကို အာရုံစိုက်တယ်၊ ကိုယ်ရည်သွေး ကြွားဝါတယ်" ဖြစ်ပါတယ်။

E.g (1)

Poor Charlie! He's always <u>tooting his own horn</u> about how good he is at golf.

သနားစရာပါလားချာလီရယ်။ ဂေါက်ရိုက်ရာမှာ သူဘယ်လောက်တော်သလဲဆိုတာ သူ အစဉ် အမြဲ ကိုယ်ရည်သွေးပြီး ကြွားဝါနေတယ်။

(**Paraphrase :** He's always praising his own skill at golf.)

သူဟာ ဂေါက်သီးရိုက်ရာမှာ သူ့ကိုယ်ပိုင်ကျွမ်းကျင်မှုကို အစဉ်အမြဲ သူ့ဘာသာသူ ချီးမွမ်းနေတယ်။

mgyoe.com

mgyoe.com

E.g (2)

The person who habitually blows his own horn soon loses friends.

ကိုယ့်ဘာသာ ကိုယ်ရည်သွေး ကြွားဝါတတ်တဲ့ညာဉ်ရှိသူဟာ မကြာခင်မှာ မိတ်ဆွေတွေ ဆုံးရှုံးသွားတယ်။

(Paraphrase : One who is always boasting alternates friends.)

အစဉ်အမြဲ ကိုယ်ရည်သွေး ကြွားဝါနေသူတစ်ဦးဟာ မိတ်ဆွေသူငယ်ချင်းတွေကို ကြွားလိုက် ဝါလိုက် လုပ်နေတယ်။

❖

(to) BURN RUBBER

Burn (v) ရဲ့ အဓိပ္ပာယ်က မီးလောင်ကျွမ်းတယ်ဖြစ်ပြီး Rubber (n) က ရော်ဘာဖြစ်ပါတယ်။ Burn Rubber ရဲ့ တိုက်ရိုက် အဓိပ္ပာယ်ကတော့ 'ရော်ဘာ မီးလောင်ကျွမ်းတယ်'လို့ အဓိပ္ပာယ်ရပါတယ်။

အီဒီယံ အဓိပ္ပာယ်ကတော့ –

Definition : To start up a car or motorcycle from a dead stop so fast that the rubber of the tires leaves a mark on the road.

(to) Burn Rubber ရဲ့ အီဒီယံ ပထမအဓိပ္ပာယ်ကတော့ "စက်အသေရပ်ထားခြင်းမှ ကား (သို့) မော်တော်ဆိုင်ကယ်ကို အလွန်လျင်လျင်မြန်မြန် စနှိုးလိုက်တဲ့အတွက် ရော်ဘာတာယာဘီးတွေက လမ်းပေါ်မှာ အမှတ်အသား (ကားဘီးရာ)တစ်ခု ထားရစ်ခဲ့တယ်" ဖြစ်ပါတယ်။

mgyoe.com

E.g (1)

Every Saturday they <u>burn</u> a lot of <u>rubber</u> at the motorcycle races.

စနေနေ့တိုင်းမှာ မော်တော်ဆိုင်ကယ်ပြိုင်ပွဲတွေမှာ သူတို့က ကားဘီးရာအများကြီးထားခဲ့တယ်။

(**Paraphrase** : The motorcycle tires leave a lot of rubber marks on the racetract (or) There are many fast starts at the racetract on Saturdays.)

မော်တော်ဆိုင်ကယ်တာယာတွေက ပြေးလမ်းကြောင်းပေါ်မှာ ရော်ဘာဘီးရာတွေထားခဲ့တယ် (သို့မဟုတ်) စနေနေ့တွေမှာ ပြေးလမ်းကြောင်းပေါ်မှာ မြန်ဆန်တဲ့ ကားစက်နှိုးမှုတွေများစွာရှိတယ်။

E.g (2)

Everytime that he leaves a stop sign, my brother likes to <u>burn rubber</u>.

ကားရပ်တဲ့သင်္ကေတ သူချန်ထားတဲ့အကြိမ်တိုင်း ကျွန်တော့်အစ်ကိုက ကားဘီးရာတွေထားခဲ့ရတာ နှစ်သက်တယ်။

(**Paraphrase** : He starts his car fast and leaves a rubber mark on the pavement.)

သူ ကားကို မြန်မြန်စနှိုးပြီး လမ်းမျက်နှာပြင်ပေါ်မှာ ရော်ဘာအမှတ်(ကားဘီးရာ)တစ်ခု ချန်ထားတယ်။

Definition 2: To leave in a hurry (on foot or by vehicle)

ဒီအိဒီယံရဲ့ ဒုတိယအဓိပ္ပာယ်ကတော့ "အလျင်စလို မြန်မြန်ထွက်ခွာတယ်၊ ခြေလျင် သို့မဟုတ် ယာဉ်ဖြင့်" ဖြစ်ပါတယ်။

mgyoe.com

mgyoe.com

E.g (1)

If we expect to get to the airport on time, we'll have to <u>burn rubber</u>.

ကျွန်တော်တို့ဟာ လေဆိပ်ကို အချိန်မီရောက်ရှိဖို့ မျှော်လင့်ထားရင် ကျွန်တော်တို့ အလျင်စလို မြန်မြန်ထွက်ခွာရလိမ့်မယ်။

(Paraphrase : We'll have to leave in a hurry in order to be on time.)

အချိန်မီဖို့အလို့ငှာ လေဆိပ်ကို အလျင်စလို မြန်မြန်ထွက်ခွာရလိမ့်မယ်။

E.g (2)

"Let's <u>burn rubber</u>!", the leader shouted as all the drivers ran toward their motorcycle.

"ငါတို့ မြန်မြန်ထွက်ခွာကြစို့"လို့ မောင်းသူအားလုံးက သူတို့ မော်တော်ဆိုင်ကယ်ဆီ ရှေ့ရှုပြေးသွားစဉ်မှာ ခေါင်းဆောင်ဖြစ်သူက အော်ပြောလိုက်တယ်။

(Paraphrase : Let's leave in a hurry!)

ငါတို့ အလျင်အမြန်ထွက်ခွာကြစို့။

❖

(to) BURN UP THE ROAD

Burn up the road ရဲ့ တိုက်ရိုက်အဓိပ္ပာယ်ကတော့ 'လမ်းလောင်ကျွမ်းသွားတယ်' ဖြစ်ပါတယ်။

Definition : To drive a car very fast.

Burn up the road ရဲ့ အီဒီယံ အဓိပ္ပာယ်ကတော့ "ကားကို

mgyoe.com

mgyoe.com

အလွန်လျင်မြန်စွာ မောင်းတယ်"ဖြစ်ပါတယ်။

E.g (1)

He was so eager to get to the game that he <u>burned up the road</u> all the way.

သူဟာ ကစားပွဲကိုရောက်ရှိဖို့ အလွန်စိတ်အားထက်သန်ခဲ့တဲ့အတွက် သွားရာလမ်းတစ်လျှောက်မှာ သူဟာ ကားကို လျင်လျင်မြန်မြန်မောင်းခဲ့တယ်။

(**Paraphrase :** He drove at high speed because he was impatient to get to the game.)

သူဟာ အမြန်နှုန်းမြင့်မြင့်နဲ့ ကားမောင်းသွားခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ ကစားပွဲကို ရောက်ရှိဖို့ စိတ်မရှည်ခဲ့လို့ပါပဲ။

E.g (2)

One of the reasons for all the recent car accidents is the large number of speed demons <u>burning up the road</u>.

မကြာသေးမီက မတော်တဆ ကားတိုက်မှုအားလုံးအတွက် အကြောင်းရင်းတစ်ခုကတော့ ကားကို အလွန်ဆိုးဝါးတဲ့အမြန်နှုန်းနဲ့ လျင်လျင်မြန်မြန် မောင်းခြင်းပဲဖြစ်ပါတယ်။

(**Paraphrase :** Motorists driving too fast are one of the principal causes of accidents.)

မော်တော်ကားမောင်းသူတွေ အလွန်လျင်လျင်မြန်မြန်မောင်းနှင်ခြင်းဟာ မတော်တဆ ထိခိုက်မှုတွေရဲ့ အခြေခံအကြောင်းရင်းတစ်ခုပါပဲ။

mgyoe.com

mgyoe.com

Related Expression (ဆက်နွယ်ဖော်ပြချက်)

Drive like wild man = To drive very fast, carelessly, or recklessly

Drive like a Wild Man ကို တိုက်ရိုက်ပြန်ဆိုရင် 'တောရိုင်းလူသားတစ်ဦးလို မောင်းနှင်ပါ' ဖြစ်ပါတယ်။ ဒါပေမဲ့ Drive like a Wild Man ရဲ့ အီဒီယံအသုံးအနှုန်းအဓိပ္ပာယ်ကတော့ –

"လျင်မြန်စွာ မောင်းနှင်တယ်။ သက်မဲ့စွာ မောင်းနှင်တယ်။ ဒါမှမဟုတ် မဆင်မခြင် မောင်းနှင်တယ်" ဖြစ်ပါတယ်။

❖

(to) BUTT IN

Butt in ရဲ့ တိုက်ရိုက်အဓိပ္ပာယ်က 'ခေါင်းနဲ့တိုက်တယ်၊ ဝှေ့တယ်' ဖြစ်ပါတယ်။

Definition : To interfere in other people's business; join in with what other people are doing without asking or being asked

Butt in ရဲ့ အီဒီယံအဓိပ္ပာယ်ကတော့ "တခြားလူရဲ့ စီးပွားရေးလုပ်ငန်းမှာ ဝင်ရောက်စွက်ဖက်တယ်" ဖြစ်ပါတယ်။

E.g (1)

Mother had just started to explain to Jane how to fix her sweater when Alice butted in.

အဲလစ် ကြားဝင်လာတဲ့အခါမှာတော့ အမေက သူမရဲ့ဆွယ်တာကို ဘယ်လိုဖာထေး၊ ညှိရမလဲဆိုတာ ဂျိန်းကို စတင်ရှင်းပြနေခဲ့ပြီးနေပြီ။

mgyoe.com

mgyoe.com

(Paraphrase : Alice interfered when mother started explaining something to Jane.)

အမေက ဂျိန်းကို တစ်စုံတစ်ရာ စတင်ရှင်းပြခဲ့တဲ့အခါ အဲလစ် ကြားဝင်စွက်ဖက်လာခဲ့တယ်။

E.g (2)

Let's go into the other room so Albert won't <u>butt in</u>.

အဲလ်ဘတ်ရဲ့ ကြားဝင်စွက်ဖက်မှုကို ရှောင်ရှားဖို့ တခြားအခန်းကို ငါတို့သွားကြစို့။

(Paraphrase : Let's go into another room to avoid Albert's interference.)

အဲလ်ဘတ်ရဲ့ ကြားဝင်မစွက်ဖက်နိုင်အောင် တခြားအခန်းကို ငါတို့ သွားကြစို့။

Synonymous Expression(အဓိပ္ပာယ်တူ ဝေါဟာရ ဖော်ပြချက်)

Horn In = To come in without invitation; interfere

Horn in ရဲ့ အီဒီယံအသုံးအနှုန်းအဓိပ္ပာယ်ကတော့ "ဖိတ်ခေါ်ခြင်း မပြုဘဲလာတယ်"၊ "ဝင်ရောက် စွက်ဖက်တယ်" ဖြစ်ပါတယ်။

Stick one's nose to = To meddle in things one's business; interfere *(somewhat impolitely)*

Stick one's nose to ရဲ့ အီဒီယံအဓိပ္ပာယ်ကတော့ "တစ်ဦးတစ်ယောက်ရဲ့ စီးပွားရေးလုပ်ငန်းနဲ့ မဆိုင်တဲ့ ကိစ္စရပ်တွေမှာ ဝင်ရှုပ်တယ်။ တစ်စုံတစ်ရာ ယဉ်ကျေးဖွယ်ရာမရှိဘဲ ကြားဝင်စွက်ဖက်တယ်" ဖြစ်ပါတယ်။

❖

mgyoe.com

mgyoe.com

BY WORD OF MOUTH

Word က 'စကားလုံး' ဖြစ်ပြီး Mouth ရဲ့ တိုက်ရိုက် အဓိပ္ပာယ်က 'ပါးစပ်' ဖြစ်ပါတယ်။ By Word of Mouth ကို တိုက်ရိုက်အဓိပ္ပာယ်ဖွင့်ရင် 'ပါးစပ်စကားလုံးဖြင့်' ဖြစ်ပါတယ်။

Definition : From person to person by the spoken word; orally

By word of mouth ရဲ့ အိဒီယံ အသုံးအနှုန်းဆိုင်ရာ အဓိပ္ပာယ်ကတော့ "လူတစ်ဦးမှ တစ်ဦးသို့ ပြောဆိုသောစကားလုံးအားဖြင့် (သို့) နှုတ်အားဖြင့်" ဖြစ်ပါတယ်။ အလွယ်မှတ်ချင်ရင်တော့ "တစ်ဆင့် စကားဖြင့်" လို့ သုံးနိုင်ပါတယ်။

E.g (1)

I didn't read about it but heard the news by word of mouth.

အဲဒီအကြောင်းကို ငါ မဖတ်ခဲ့ရဘူး။ ဒါပေမဲ့ တစ်ဆင့်စကားနဲ့ သတင်းကို ငါကြားခဲ့တယ်။

(**Paraphrase :** I heard the news as it was passed from one person to me.)

လူတစ်ဦးက ငါ့ဆီတစ်ဆင့်ပါးလိုက်လို့ သတင်းကို ငါကြားခဲ့ရတယ်။

E.g (2)

He only got the message by word of mouth.

သတင်းစကားကို တစ်ဆင့်စကားနဲ့သာ သူရရှိခဲ့တယ်။

(**Paraphrase :** He only heard it as it was passed from person to person.)

mgyoe.com

mgyoe.com

တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ပါးလိုက်လို့သာ အဲဒါကို ငါကြားခဲ့ရတယ်။

Synonymous Expression (အဓိပ္ပာယ်တူ ဝေါဟာရ ဖော်ပြချက်)
By the Grapevine = Informal way (often secret) of transmitting informations; gossip, or rumors from person to person (usually orally)

By the Grapevine ရဲ့ အိဒီယံအဓိပ္ပာယ်ကတော့ "သတင်းအချက်အလက် လျှို့ဝှက်ထုတ်လွှင့်ခြင်း၊ တရားမဝင်နည်းဖြင့် ဆောင်ရွက်ခြင်း၊ အတင်းပြောခြင်း (သို့) (များသောအားဖြင့် နှုတ်ဖြင့်) တစ်ဦးမှ တစ်ဦးသို့ ကောလာဟလများ ပြောခြင်း" ဖြစ်ပါတယ်။

❖

(TO) CALL THE SHOTS

call က 'ခေါ်တယ်'၊ Shots က 'ရိုက်ချက်များ' လို့ အဓိပ္ပာယ်ရတယ်။ အဲဒါကြောင့် Call the shots ရဲ့ တိုက်ရိုက်အဓိပ္ပာယ်က 'ရိုက်ချက်တွေကို ခေါ်တယ်' ဖြစ်ပါတယ်။

Definition : To give orders; to be in charge; to direct; control

Call the shots ရဲ့ အိဒီယံအဓိပ္ပာယ်ကတော့ "အမိန့်တွေပေးတယ်၊ ကြီးကြပ်တယ်၊ ညွှန်ကြားတယ်၊ ထိန်းချုပ်တယ်" ဖြစ်ပါတယ်။

E.g (1)

I like a leader who knows how to call the shots.

mgyoe.com

mgyoe.com

ဘယ်လို အမိန့်ပေး ညွှန်ကြားရမလဲဆိုတာသိတဲ့ ခေါင်းဆောင်တစ်ဦးကို ကျွန်တော် နှစ်သက်ပါတယ်။

(Paraphrase : I like a leader that takes control.)

စီမံထိန်းချုပ်တတ်တဲ့ ခေါင်းဆောင်တစ်ဦးကို ကျွန်တော် နှစ်သက်ပါတယ်။

E.g (2)

When Jeff began to <u>call the shots</u>, everything got better.

ဂျက်ဖ်က ညွှန်ကြားအမိန့်ပေးမှုတွေ စတင်တဲ့အခါ အရာရာတိုင်းက ပိုမိုကောင်းမွန်လာခဲ့ပါတယ်။

(Paraphrase : Matters improved after Jeff began to give orders.)

ဂျက်ဖ်က အမိန့်တွေ စပေးခဲ့ပြီးတဲ့နောက်မှာ ကိစ္စရပ်တွေ တိုးတက်လာခဲ့ပါတယ်။

Synonymous Expression (အဓိပ္ပာယ်တူ ဝေါဟာရဖော်ပြချက်)

Call the Tune (or) Run the Show = To be in control; to give orders or directions

Call the Tune နဲ့ Run the Show ရဲ့ အီဒီယံ အသုံးအနှုန်းဆိုင်ရာအဓိပ္ပာယ်ကတော့ "ထိန်းချုပ်တယ်၊ အမိန့်ပေး/ညွှန်ကြားတယ်" ဖြစ်ပါတယ်။

❖

mgyoe.com

mgyoe.com

CHICKEN

Chicken ရဲ့ တိုက်ရိုက်အဓိပ္ပာယ်က 'ကြက် ၊ ကြက်သား' ဖြစ်ပါတယ်။

Definition : Cowardly, easily scared

Chicken ရဲ့ အိဒီယံ အဓိပ္ပာယ်ကတော့ "သူရဲဘောကြောင်သော၊ သတ္တိနည်းသော၊ လွယ်လင့်တကူ ကြောက်လန့်သော" ဖြစ်ပါတယ်။

E.g (1)

Don't be so <u>chicken</u>! There's nothing to be afraid of!

သိပ်ပြီးတော့ သူရဲဘောကြောင်မနေပါနဲ့။ ကြောက်ရွံ့စရာ ဘာမှမရှိပါဘူး။

(**Paraphrase** : Don't be so cowardly!)

သိပ်ပြီးတော့ သူရဲဘောနည်းမနေပါနဲ့။

E.g (2)

Avery was too <u>chicken</u> to ride a motorcycle.

အေဗရီဟာ မော်တော်ဆိုင်ကယ်စီးဖို့ အရမ်းလန့်တယ်။

(**Paraphrase** : He was afraid to ride a motorcycle.)

သူဟာ မော်တော်ဆိုင်ကယ်စီးဖို့ ကြောက်ရွံ့တတ်တယ်။

Related Expression (ဆက်နွယ်ဖော်ပြချက်များ)

Chicken - Livered = easily scared, cowardly

Lily-Livered = easily scared, cowardly

Chicken-livered နဲ့ Lily-livered ရဲ့ အိဒီယံ အဓိပ္ပာယ်က

mgyoe.com

mgyoe.com

တော့ "လွယ်လင့်တကူ ကြောက်ရွံ့တတ်သော၊ သူရဲဘောနည်းသော" ဖြစ်ပါတယ်။

Yellow-Bellied = cowardly; extremely timid

Yellow-Bellied ရဲ့ အဓိပ္ပာယ်ကတော့ "သူရဲဘောကြောင်သော၊ အလွန်အမင်း ကြောက်တတ်သော" ဖြစ်ပါတယ်။

Scaredy - cat (or) Fraidy-cat = someone who is easily frightened

Scaredy-cat နဲ့ Fraidy-cat ရဲ့ အီဒီယံ အဓိပ္ပာယ်ကတော့ "လွယ်လင့်တကူ ကြောက်တတ်တဲ့ အသည်းငယ်တတ်တဲ့သူတစ်ယောက် ယောက်" ဖြစ်ပါတယ်။

❖

(to) CHICKEN OUT

Chicken out ကို တိုက်ရိုက်ဘာသာပြန်ရင် 'ကြက်အပြင်သို့' ဖြစ်ပါတယ်။

Definition : to stop doing something because of fear; to decide not to do something after having first made a decision to do it.

Chicken out ရဲ့ အီဒီယံအဓိပ္ပာယ်ကတော့ "ကြောက်ရွံ့တဲ့အတွက် တစ်စုံတစ်ရာပြုလုပ်ခြင်းကို ရပ်တန့်တယ်၊ တစ်စုံတစ်ရာကို ပြုလုပ်ဖို့ ပထမဆုံး ဆုံးဖြတ်ချက်ချပြီးနောက် အဲဒါကိုမလုပ်ဖို့ဆုံးဖြတ်တယ်" ဖြစ်ပါတယ်။

E.g (1)

Steve used to drive racing cars but he <u>chicken out</u>

mgyoe.com

mgyoe.com

last year.

သူအာရုံမရတော့လို့ ကားမောင်းတာကို သူနားပစ်ခဲ့တယ်။ သိပ်ပြီးတော့ သူရဲဘောနည်းမနေပါနဲ့။

E.g (2)

My sister was going to begin sky-diving lessons this afternoon but she <u>chicken out</u> this morning.

ကျွန်တော့်ညီမဟာ ဒီနေ့လယ်မှာ ကောင်းကင်ဒိုင်ဗင်ထိုးဆင်းတဲ့ သင်ခန်းစာတွေ စတင်ရတော့မှာဖြစ်ပေမယ့် ဒီမနက်မှာတော့ အဲဒါမလုပ်ဖို့ ဆုံးဖြတ်ခဲ့တယ်။

❖

(TO) CLOWN AROUND

Clown ရဲ့ အဓိပ္ပာယ်က 'လူရွှင်တော်ဖြစ်ပြီး၊ around ရဲ့ အဓိပ္ပာယ်က 'ခန့်၊ ပတ်ပတ်လည်၊ ဟိုဟိုသည်သည်၊ အနီးတစ်ဝိုက်၊ တစ်ခွင်၊ အနှံ့အပြား၊ ဝိုင်းလျက်' ဖြစ်ပါတယ်။ Clown around ရဲ့ တိုက်ရိုက် အဓိပ္ပာယ်က 'လူရွှင်တော်ပတ်ပတ်လည်' ဖြစ်ပါတယ်။

Definition : To act or behave like a clown; to act silly; to not pursue a task with the intention of succeeding.

Clown around ရဲ့ အီဒီယံ အဓိပ္ပာယ်ကတော့ "လူရွှင်တော်ကဲ့သို့ ပြုမူတယ်၊ မိုက်မဲစွာပြုမူတယ်၊ အောင်မြင်မှုကို ရည်ရွယ်ခြင်းနဲ့အတူ လုပ်ငန်းတာဝန်တစ်ခုကို ဆက်လက်ဆောင်ရွက်ခြင်း မပြုတာ" ဖြစ်ပါတယ်။

mgyoe.com

mgyoe.com

E.g (1)

My roommate is seldom serious about anything. He's always clowning around.

ကျွန်တော့်အခန်းဖော်က တစ်စုံတစ်ရာကို အလေးအနက် ထားခဲ့တယ်။ သူဟာ အစဉ်အမြဲ တစ်စုံတစ်ရာကို အောင်မြင်ဖို့ရည်မှန်းပြီး ပြီးမြောက်အောင် ဆက်မလုပ်ဘူး။

(Paraphrase : He acts silly most of the time.)

သူဟာ အချိန်အများစုကို မိုက်မိုက်မဲမဲ ဆောင်ရွက်တယ်။

E.g (2)

The team began to clown around and soon lost the game.

အသင်းဟာ ပြီးဆုံးအောင်မြင်ဖို့ ဆက်လက်ပြီး မကစားတော့လို့ မကြာခင် ကစားပွဲမှာ ရှုံးနိမ့်ခဲ့တယ်။

(Paraphrase : The lost because they didn't take the game seriously.)

သူတို့ဟာ ကစားပွဲကို အလေးအနက်မထားခဲ့လို့ ရှုံးနိမ့်ခဲ့တယ်။

Related Expression (ဆက်နွယ်ဖော်ပြချက်များ)

Mess Around = to engage in idle or purposeless activity

အိဒီယံ အဓိပ္ပာယ်ကတော့ "ပျင်းရိပြီး ရည်ရွယ်ချက်မဲ့ ဆောင်ရွက်မှုမှာ အံကျဖြစ်တယ်။" ဖြစ်ပါတယ်။

❖

mgyoe.com

mgyoe.com

(TO) COME OUT OF ONE'S SHELL

Come out of one's shell ရဲ့ တိုက်ရိုက် အဓိပ္ပာယ်က 'တစ်စုံတစ်ရာရဲ့ အခွံမှ ထွက်ပေါ်လာတယ်' ဖြစ်ပါတယ်။

Definition : To stop being shy or bashful.

Come out of one's shell ရဲ့ အိဒီယံအဓိပ္ပာယ်ကတော့ "ရှက်ကိုးရှက်ကန်း ဖြစ်လာလို့ (သို့) ရှက်လာလို့ ရပ်လိုက်တယ်" ဖြစ်ပါတယ်။

E.g (1)

We finally got Frank <u>to come out of his shell</u> and talk to some people at the party.

နောက်ဆုံးတော့ ဖရန့်(ခ)ဟာ ရှက်ကိုးရှက်ကန်းဖြစ်ပြီး ရပ်လိုက်လို့ ပါတီပွဲမှာ ကျွန်တော်တို့ဟာ တခြားလူတွေနဲ့ ပြောဆိုခဲ့ရတယ်။

(Paraphrase : We finally got him to stop being shy and to enter into conversation.)

သူဟာ ကျွန်တော်တို့နဲ့ စကားပြောဆိုဖို့ ဝင်ရောက်လာပြီး ရှက်သွားလို့ နောက်ဆုံးတော့ ရပ်သွားတယ်။

E.g (2)

Lorraine was such a shy girl that no one could <u>draw</u> her <u>out of her shell</u>.

လော်ရိန်းဟာ ရှက်တတ်တဲ့မိန်းကလေးတစ်ဦးဖြစ်ခဲ့လို့ ဘယ်သူကမှ သူမ ရှက်လို့ရပ်သွားတာ ကို ဆွဲမခေါ်ခဲ့ဘူး။

(Paraphrase : Other could not get her to talk.)

တခြားသူတွေက သူမကို ဇကားပြောအောင် မလုပ်နိုင်ခဲ့ဘူး။

❖

mgyoe.com

mgyoe.com

(TO) COOK UP

Cook up ရဲ့ တိုက်ရိုက်အဓိပ္ပာယ်က 'အထက်သို့ ချက်ပြုတ်တယ်' ဖြစ်ပါတယ်။

Definition : To plan an organize; to event; to make up

Cook up ရဲ့ အီဒီယံ အဓိပ္ပာယ်ကတော့ "အစီအစဉ်ဆွဲပြီး စုစည်းဆောင်ရွက်တယ်၊ တီထွင်တယ်၊ အချောသတ်တယ်၊ အချောကိုင်တယ်" ဖြစ်ပါတယ်။

E.g (1)

I have <u>cook up</u> an excuse for being late to work.

အလုပ်နောက်ကျခြင်းအတွက် ဆင်ခြေတစ်ခု ကျွန်တော် အစီအစဉ်ဆွဲပြီး ထွင်လိုက်ရတယ်။

(**Paraphrase** : I have to invent an excuse for my tardiness.)

ကျွန်တော့်ရဲ့ နောက်ကျမှုအတွက် ဆင်ခြေတစ်ခုကို ကျွန်တော် ဖန်တီးတီထွင်လိုက်ရတယ်။

❖

(TO) CRY OVER SPILLED MILK

Cry over spilled milk ရဲ့ အဓိပ္ပာယ်က 'ဖိတ်လျှံကျသွားတဲ့ နွားနို့အတွက် ငိုတယ်' ဖြစ်ပါတယ်။

Definition : To cry or complain about something that has already happened; be unhappy about something that has no remedy.

mgyoe.com

mgyoe.com

(to) Cry over spilled milk ရဲ့ အိဒီယံအဓိပ္ပာယ်ကတော့ "တစ်စုံတစ်ရာဖြစ်ပျက်ပြီးသွားတာနဲ့ပတ်သက်လို့ ငိုတယ် (သို့) မကျေနပ်ချက် ဖော်ပြတယ်။ ကုသနည်းမရှိတဲ့ တစ်စုံတစ်ရာအတွက် ပူပန်မှုဖြစ်ရတယ်" ဖြစ်ပါတယ်။

E.g (1)

What's done is done! The window is broken and nothing can be done about it. As mother always says, "There's no use <u>crying over spilled milk</u>".

ပြီးခဲ့တာက ပြီးသွားပြီပဲ။ ပြတင်းပေါက်က ပျက်သွားပြီ။ အဲဒါနဲ့ပတ်သက်လို့ ဘယ်အရာမှ မဆောင်ရွက်နိုင်ဘူး။ အမေအမြဲတမ်းပြောသလိုပေါ့ "ဖြစ်ပျက်သွားပြီးပြီပဲ၊ ငိုနေလို့၊ မကျေမနပ်ဖြစ်နေလို့လည်း အလကားပါပဲ"

(**Paraphrase** : There is no reason to be unhappy about a broken window since being unhappy won't repair the window.)

ပြတင်းပေါက်ကို မပြုပြင်နိုင်ခဲ့လို့ မပျော်မရွှင်ဖြစ်နေခဲ့ပြီးမှ ကျိုးပျက်နေတဲ့ ပြတင်းပေါက်နဲ့ ပတ်သက်လို့ သောကဖြစ်စရာ အကြောင်းမရှိပါဘူး။

E.g (2)

After he lost his billfold. Bill's father told him not to <u>cry over spilled milk</u>.

သူ့ရဲ့ပိုက်ဆံအိတ်ပျောက်သွားခဲ့ပြီးတဲ့နောက် ဘီလ်ရဲ့အဖေက သူ့ကိုပြန်မရတော့တဲ့ဟာအတွက် ဝမ်းမနည်းဖို့ ပြောခဲ့ပါတယ်။

(**Paraphrase** : He told him not to be sorry over something that was lost.)

mgyoe.com

mgyoe.com

တစ်စုံတစ်ရာ ပျောက်ဆုံးသွားတဲ့အပေါ် သူ့ကို ဝမ်းမနည်းဖို့ သူက ပြောခဲ့တယ်။

Related Expression (ဆက်နွယ်ဖော်ပြချက်များ)

Make One's Bed and Lie in It = To accept responsibility for one's own actions and the accompanying bad results

အဲဒီအီဒီယံအဓိပ္ပာယ်ကတော့ "တစ်ဦးတစ်ယောက်ရဲ့ ကိုယ်ပိုင်ဆောင်ရွက်မှုတွေနဲ့အတူ ပေါ်ပေါက်လာနေတဲ့ ရလဒ်ဆိုးတွေအတွက် တာဝန်ရှိမှုကို လက်ခံရန်" ဖြစ်ပါတယ်။

Face the Music = To go through trouble or danger, usually because of one's own actions; accept one's punishment

အဲဒီ အီဒီယံအဓိပ္ပာယ်ကတော့ "တစ်ဦးတစ်ယောက်ရဲ့ ကိုယ်တိုင်ဆောင်ရွက်မှုတွေကြောင့် များသောအားဖြင့် အခက်အခဲ (သို့) အန္တရာယ်ခံစားရတယ်၊ ကြုံကြုံခံရတယ်။ တစ်ဦးတစ်ယောက်ရဲ့ အပြစ်ဒဏ်ပေးမှုကို လက်ခံရတယ်" ဖြစ်ပါတယ်။

Take one's medicine = to accept punishment without complaining

အဲဒီ အီဒီယံအဓိပ္ပာယ်ကတော့ "စောဒကတက်ခြင်းမရှိဘဲ ပြစ်ဒဏ်ပေးခြင်းကို ခံတယ်" ဖြစ်ပါတယ်။

❖

mgyoe.com

mgyoe.com

(TO) CUT OFF ONE'S NOSE TO SPITE ONE'S FACE

(to) Cut off one's nose to spite one's face ရဲ့ တိုက်ရိုက် အဓိပ္ပာယ်က 'မျက်နှာကို ဖျက်ဆီးဖို့ နှာခေါင်းကို ဖြတ်ပစ်လိုက်တယ်' ဖြစ်ပါတယ်။

Definition : To make things worse for oneself because of anger or frustration, usually at someone else.

အဲဒီ အိဒီယံအဓိပ္ပာယ်ကတော့ "တစ်စုံတစ်ယောက်အနေနဲ့ များသောအားဖြင့် ဒေါသဖြစ်ခြင်း (သို့) အားမလိုအားမရဖြစ်ခြင်းကြောင့် မိမိဘာသာမိမိ ကိစ္စရပ်တွေကို ပိုမိုဆိုးရွားလာအောင် ပြုလုပ်တယ်" ဖြစ်ပါတယ်။

E.g (1)

When Ed's mother wouldn't let him play his new Jazz records late at night, he <u>cut off his nose to spite his face</u> by breaking them.

အက်(ဒ်)ရဲ့အမေက ညကြီးပိုင်းမှာ သူ့ရဲ့ ဂျပ်(ဇ်)တေးဂီတဓာတ်ပြားသီချင်းတွေဖွင့်တာကို ခွင့်မပြုတဲ့အခါ အဲဒါတွေကို ဖျက်ဆီးခြင်းဖြင့် သူ့ဘာသာသူ ပိုမိုဒေါသဖြစ်ပြီး နာကျင်အောင် လုပ်လိုက်တယ်။

(Paraphrase : Ed only hurt himself by breaking his records.)

သူ့ဓာတ်ပြားတွေ ဖျက်ဆီးပစ်ခြင်းဖြင့် အက်(ဒ်)ဟာ သူ့ကိုယ်သူ နာကျင်အောင်သာ လုပ်မိတယ်။

mgyoe.com

E.g (2)

When his father refused to let him take his dog to the beach on the family vacation trip. Steve got mad, refused to go on the trip, and so cut off his nose to spite his face.

မိသားစုအားလပ်ရက် ခရီးသွားရာမှာ ပင်လယ်ကမ်းခြေကို သူ့ခွေး ခေါ်သွားဖို့ သူ့အဖေက ငြင်းခဲ့တဲ့အခါ စတိ(ဗ်)ဟာ ရူးသွပ်သလိုဖြစ်ပြီး ခရီးသွားဖို့ ငြင်းပယ်လိုက်တယ်။ အဲဒါကြောင့် အားမလို အားမရဖြစ်ကာ စိတ်ဆိုးတဲ့အတွက် သူ့ကိုယ်သူ နာကျင်အောင် လုပ်ခဲ့တယ်။

(**Paraphrase** : Steve hurt only himself by missing the vacation trip.)

အားလပ်ရက်ခရီးကို မလိုက်သွားခြင်းဖြင့် စတိ(ဗ်)ဟာ သူ့ဘာသာသူ နာကျင်အောင် လုပ်လိုက်တယ်။

❖

DEAD TO THE WORLD

Dead to the world ရဲ့ တိုက်ရိုက်အဓိပ္ပာယ်က 'ကမ္ဘာကြီး အတွက် သေဆုံးသွားခြင်း' ဖြစ်ပါတယ်။

Definition : Fast asleep

Dead to the world ရဲ့ အီဒီယံအဓိပ္ပာယ်ကတော့ "အိပ်မောကျ၊ အိပ်ပျော်သွားခြင်း" ဖြစ်ပါတယ်။

E.g (1)

My brother didn't get to bed until three in the

mgyoe.com

mgyoe.com

morning and was still dead to the world at noon.

ကျွန်တော့်အစ်ကိုက မနက်သုံးနာရီတိုင်အောင် မအိပ်ခဲ့ဘဲ ခုတော့ မွန်းတည့်ချိန်အထိ အိပ်မောကျနေသေးတယ်။

(**Paraphrase** : He was fast asleep.)

သူ အိပ်မောကျသွားတယ်။

E.g (2)

Harry was lying on the sofa dead to the world and missed see in the game on television.

ဟာရီဟာ ဆိုဖာပေါ်မှာ ဆန့်ဆန့်ကြီး အိပ်မောကျနေပြီး တီဗီက ကစားပွဲကိုကြည့်ဖို့ လွဲသွားခဲ့တယ်။

(**Paraphrase** : He was sleeping very soundly.)

သူဟာ အလွန်ပဲ ပယ်ပယ်နယ်နယ် အိပ်ပျော်နေခဲ့တယ်။

Synonymous Expression (အဓိပ္ပာယ်တူ ဝေါဟာရဖော်ပြချက်)

Out Like a Light (or) Zonked Out = Fast asleep; sound asleep

အဲဒီ အိဒီယံအဓိပ္ပာယ်ကတော့ "အိပ်ပျော်လွယ်တယ်၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်" ဖြစ်ပါတယ်။

❖

DOWN IN THE DUMPS

Down in the dumps ရဲ့ တိုက်ရိုက်အဓိပ္ပာယ်ကတော့ 'အမှိုက်ပုံတွေထဲ ကျသွားတယ်' ဖြစ်ပါတယ်။

mgyoe.com

mgyoe.com

Definition : Dejected; gloomy; sad or discouraged

Down in the dumps ရဲ့ အဓိပ္ပါယ်ကတော့ "စိတ်ဓာတ်ကျနေသော၊ စိတ်မချမ်းမြေ့သော၊ ဝမ်းနည်းပူဆွေးသော၊ သုန်မှုန်သော၊ ဝမ်းနည်းသော၊ စိတ်ပျက်သော" ဖြစ်ပါတယ်။

E.g (1)

After their team lost the game, both the players and the fans were <u>down in the dumps</u>.

သူတို့ရဲ့အသင်းဟာ ကစားပွဲမှာ ရှုံးနိမ့်သွားခဲ့ပြီးနောက် ကစားသမားတွေနဲ့ ဝါသနာအိုးတွေ စိတ်ဓာတ်ကျသွားတယ်။

(**Paraphrase :** Everybody was dejected after the loss of the game.)

ကစားပွဲရှုံးသွားပြီးတဲ့နောက် လူတိုင်းဟာ စိတ်ဓာတ်ကျသွားတယ်။

E.g (2)

The bad news had a negative effect on her and she became more <u>down in the dumps</u> as the day passed.

သတင်းဆိုးက သူမအပေါ် မကောင်းကျိုးသက်ရောက်ခဲ့ပြီး၊ သူမဟာ တစ်နေ့တာ ကုန်လွန်လာတဲ့အခါ ပိုမိုစိတ်ဓာတ်ကျလာခဲ့တယ်။

(**Paraphrase :** She become progressively discouraged after hearing the bad news.)

သတင်းဆိုးကိုကြားသိပြီးတဲ့နောက် သူမဟာ တဖြည်းဖြည်း စိတ်ဓာတ်ကျလာခဲ့တယ်။

Related Expression (ဆက်နွှယ်ဖော်ပြချက်)

Down in the Mouth = Dejected; discouraged

mgyoe.com

Down in the Mouth ရဲ့ အီဒီယံအဓိပ္ပာယ်ကတော့ "စိတ်ဓာတ်ကျသော၊ စိတ်ပျက်သော" ဖြစ်ပါတယ်။

❖

EAGER BEAVER

Eager ရဲ့ အဓိပ္ပာယ်က "စိတ်အားထက်သန်သော" ဖြစ်ပြီး၊ Beaver ဆိုတာကတော့ 'ကျယ်ပြန့်တဲ့ အမြီးရှိပြီး နူးညံ့ပျော့ပျောင်းတဲ့ အမွေးပါရှိတဲ့၊ အစာကိုသွားနဲ့ ကိုက်ဖြတ်တဲ့ ရှဉ့်၊ ကြွက်အမျိုးအစားလို တိရစ္ဆာန်' ဖြစ်ပါတယ်။ 'ဘီဗာ'လို့ပဲ မှတ်လိုက်ပါ။ အဲဒါကြောင့် Eager Beaver ရဲ့ တိုက်ရိုက် အဓိပ္ပာယ်ကတော့ "စိတ်အားထက်သန်တဲ့ ဘီဗာကောင်လေး" ဖြစ်ပါတယ်။

Definition : A person who is always eager to work or do anything above what is necessary, sometimes to win the favour of a superior.

Eager Beaver ရဲ့ အီဒီယံ အသုံးအနှုန်းပြအဓိပ္ပာယ်ကတော့ "လိုအပ်တဲ့ တစ်စုံတစ်ရာအတွက် ပြုလုပ်ဖို့ (သို့) အလုပ်လုပ်ဖို့ အစဉ်အမြဲ စိတ်အားထက်သန်တဲ့ လူပုဂ္ဂိုလ်တစ်ဦး၊ အထက်လူကြီးရဲ့ ဦးစားပေးမှုကို တစ်ခါတစ်ရံ ရရှိတဲ့ လူပုဂ္ဂိုလ်တစ်ဦး" ဖြစ်ပါတယ်။

E.g (1)

Jack is such an <u>eager beaver</u>. He always helps the teacher after school.

ဂျက်ဟာ တစ်စုံတစ်ရာပြုလုပ်ဖို့ အစဉ်အမြဲ စိတ်အားထက်သန်တဲ့

mgyoe.com

mgyoe.com

လူစားမျိုးပါ။ သူဟာ ကျောင်းဆင်းပြီးတဲ့နောက် ဆရာမကို အမြဲကူညီလေ့ရှိပါတယ်။

(**Paraphrase** : He likes to do extra work after school to please his teacher.)

သူဟာ သူ့ဆရာမ ကျေနပ်နှစ်သက်ဖို့ ကျောင်းပြီးတဲ့အခါ အပိုအလုပ် ပြုလုပ်ရတာ နှစ်သက်ပါတယ်။

E.g (2)

Rachel will get a promotion next year because she's such an eager beaver.

ရေချယ်လ်ဟာ အစဉ်အမြဲ အလုပ်လုပ်ဖို့ စိတ်အားထက်သန်တဲ့လူစားမျိုး ဖြစ်တဲ့အတွက် သူမဟာ လာမယ့်နှစ်မှာ ရာထူးရရှိလိမ့်မယ်။

(**Paraphrase** : She will get a better job because she works harder than other employees.)

သူမဟာ တခြားဝန်ထမ်းတွေထက် အလုပ်ကြိုးစားတဲ့အတွက် ပိုမိုကောင်းမွန်တဲ့ အလုပ်တစ်ခုကို သူမရရှိလိမ့်မယ်။

❖

FLAT BROKE

Flat ရဲ့ အဓိပ္ပာယ်က 'ပြားသော' ဖြစ်ပြီး၊ broke (adj) ရဲ့ အဓိပ္ပာယ်က 'ဘိုင်ကျ၊ မွဲသော' ဖြစ်ပါတယ်။ အဲဒါကြောင့် Flat broke ရဲ့ တိုက်ရိုက်အဓိပ္ပာယ်ကတော့ "လုံးဝဘိုင်ပြတ်သော" လို့ ယူဆလို့ ရပါတယ်။

Definition : Having no money

mgyoe.com

Flat Broke ရဲ့ အီဒီယံအဓိပ္ပာယ်က "ငွေမရှိခြင်း" ဖြစ်ပါတယ်။

E.g (1)

She gambled all of her savings away and is now flat broke.

သူမဟာ သူမစုဆောင်းထားတာတွေအားလုံးကို လောင်းကစားပြုလုပ်ခဲ့လို့ အခုတော့ ငွေလုံးဝ ဘိုင်ပြတ်နေတယ်။

(**Paraphrase** : He doesn't have any money left.)

သူမမှာ ငွေကြေးတစ်စုံတစ်ရာ မကျန်တော့ဘူး။

E.g (2)

Bill can't lend us any money. He's flat broke.

ဘီလ်ဟာ ကျွန်တော်တို့ကို ငွေကြေးတစ်စုံတစ်ရာ မချေးနိုင်တော့ဘူး။ သူ အခု လုံးဝဘိုင်ပြတ်နေတယ်။

(**Paraphrase** : He doesn't have any money to lend.)

သူ့မှာ ချေးဖို့ငွေ တစ်စုံတစ်ရာ မရှိတော့ဘူး။

Synonymous Expression (အဓိပ္ပာယ်တူ ဝေါဟာရဖော်ပြချက်)

Dead Broke နဲ့ Stone Broke ကလည်း အထက်ပါအီဒီယံနဲ့ အဓိပ္ပာယ်တူတဲ့ အသုံးအနှုန်းတွေဖြစ်ပါတယ်။ လုံးဝဘိုင်ပြတ်ပြီး ငွေတစ်ပြားမှ မရှိတော့ရင် သုံးပါတယ်။

❖

mgyoe.com

mgyoe.com

GET A WORD IN (EDGEWAYS)

Get a word in ရဲ့ တိုက်ရိုက်အဓိပ္ပာယ်ကတော့ "စကားလုံးတစ်လုံး ရရှိတယ်" ဖြစ်ပါတယ်။ Edgewise (edgeways) ရဲ့ အဓိပ္ပာယ်က uppermost (adj) 'အမြင့်ဆုံးဖြစ်သော' ဖြစ်ပါတယ်။ အဲဒါကြောင့် (to) get a word in edgewise (edgeways) ရဲ့ တိုက်ရိုက်အဓိပ္ပာယ်က 'အမြင့်ဆုံးမှာ စကားလုံးတစ်လုံး ရရှိတယ်' ဖြစ်ပါတယ်။

Definition : To have an opportunity to speak when other people are talking.

Get a word in (edgeways) ရဲ့ အီဒီယံအဓိပ္ပာယ်က "တခြားသူတွေ စကားပြောဆွေးနွေးနေတဲ့အခါ ပြောဖို့ အခွင့်အလမ်းတစ်ခုရတယ်" ဖြစ်ပါတယ်။

E.g (1)

Mrs. Harris talked on and on and Joan couldn't <u>get a word</u> in edgewise.

မစ္စစ်ဟားရစ်က ဆက်ကာဆက်ကာ ပြောဆိုခဲ့ပြီး ဂျိုအန်ကတော့ ပြောဖို့ အခွင့်အလမ်း မရနိုင်ခဲ့ပါဘူး။

(**Paraphrase** : Joan didn't have a chance to talk.)

ဂျိုအန်မှာ စကားပြောဖို့ အခွင့်အရေး မရခဲ့ဘူး။

E.g (2)

Mrs. Harris finally stopped talking and Joan had a chance to <u>get a word</u> in.

မစ္စစ်ဟားရစ်က နောက်ဆုံးမှာ စကားပြောဆိုမှုရပ်ခဲ့ပြီး ဂျိုအန်က စကားပြောဖို့ရာ အခွင့်အရေးတစ်ခု ရရှိခဲ့တယ်။

mgyoe.com

mgyoe.com

(**Paraphrase :** Joan finally got a chance to say something.)

နောက်ဆုံးမှာ ဂျိုအန်က တစ်စုံတစ်ရာပြောဆိုဖို့ အခွင့်အရေးတစ်ခု ရရှိခဲ့တယ်။

Synonymous Expression (အဓိပ္ပာယ်တူ ဝေါဟာရဖော်ပြချက်)

Have One's Say

Speak One's Price

Say One's Price

Have One's Day in Court

အထက်ဖော်ပြပါအီဒီယံတွေရဲ့ အဓိပ္ပာယ်ကတော့ "တစ်ဦးတစ်ယောက်က မိမိထင်မြင်ချက်ကို ပွင့်ပွင့်လင်းလင်းပြောဆိုတယ်" ဖြစ်ပါတယ်။

❖

(TO) GET HOLD OF

Get Hold of ရဲ့ တိုက်ရိုက်အဓိပ္ပာယ်ကတော့ "ကိုင်ထားတယ်" ဖြစ်ပါတယ်။

Definition : To get possession of

(to) Get hold of ရဲ့ အီဒီယံ အဓိပ္ပာယ်က "ပိုင်ဆိုင်မှု ရရှိတယ်" ဖြစ်ပါတယ်။

E.g (1)

Somehow they <u>got hold of</u> some dynamite and blew up the bridge.

mgyoe.com

mgyoe.com

တစ်နည်းနည်းနဲ့ သူတို့ဟာ ဒိုင်းနမိုက်အချို့ကို ရရှိခဲ့ပြီး တံတားကို ဖောက်ခွဲခဲ့တယ်။

(Paraphrase : They got possession of some dynamite.)

သူတို့ဟာ ဒိုင်းနမိုက်အချို့ကို ပိုင်ဆိုင်ရရှိခဲ့တယ်။

E.g (2)

Don't let the baby get hold of that medicine! It might make him sick.

အဲဒီဆေးကို ကလေးလက်ထဲ မရောက်စေနဲ့။ အဲဒါ ကလေးကို နေမကောင်းဖြစ်စေနိုင်တယ်။

(Paraphrase : Don't allow the baby to get his hands on the medicine.)

ဆေးကို ကလေးတွေလက်ထဲရောက်အောင် ခွင့်မပြုနဲ့။

Related Expression (ဆက်နွယ်ဖော်ပြချက်)

Get(Lay) One's Hands on = To get possession of

Get (Lay) one's hands on ရဲ့ အီဒီယံ အဓိပ္ပာယ်က "ပိုင်ဆိုင်မှု ရရှိတယ်" ဖြစ်ပါတယ်။

Definition(2): To find a person in order to speak to him

Get hold of ရဲ့ ဒုတိယအီဒီယံ အဓိပ္ပာယ်က "ပြောဆိုတိုင်ပင်ဖို့ လူတစ်ဦးကို ရှာတယ်" ဖြစ်ပါတယ်။

E.g (1)

I needed to talk to Dr. Taylor, but I couldn't get hold of him.

mgyoe.com

mgyoe.com

ဒေါက်တာတေလာကို စကားပြောဆိုတိုင်ပင်ဖို့ ကျွန်တော်လိုအပ်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့ကို ဖမ်းလို့ မတွေ့ခဲ့ဘူး။

(Paraphrase : I couldn't find Dr. Taylor so I could talk to him.)

ဒေါက်တာတေလာကို စကားပြောရအောင် ကျွန်တော်သူ့ကို ရှာမတွေ့ခဲ့ဘူး။

E.g (2)

Fred spent several hours on the phone trying to <u>get hold of</u> a mechanic to fix his car.

ဖရက်က သူ့ကားကိုပြင်ဖို့ မက္ကင်းနစ်တစ်ဦးနဲ့ ပြောဆိုဖို့ရှာ ဖုန်းနဲ့ကြိုးစားရှာနေတာ နာရီအတော်များများ ကြာခဲ့ပါတယ်။

(Paraphrase : He had a hard time finding a mechanic.)

မက္ကင်းနစ်တစ်ဦးရှာဖွေရေးမှာ သူ့အတွက် အချိန်အတော်ကြာအောင် အခက်တွေ့ခဲ့ရတယ်။

Related Expression (ဆက်နွယ်ဖော်ပြချက်)

Get in Touch with = To reach someone to talk with him.

Get in touch with ရဲ့ အိဒီယံအဓိပ္ပာယ်က "သူနဲ့ ပြောဆိုဖို့ တစ်ဦးတစ်ယောက်ကို ဆက်သွယ်တယ်" ဖြစ်ပါတယ်။

❖

mgyoe.com

mgyoe.com

(TO) GET IT ALL TOGETHER

Get it all together ရဲ့ တိုက်ရိုက်အဓိပ္ပာယ်ကတော့ "အဲဒါကို အားလုံးအတူတကွ ရရှိတယ်' ဖြစ်ပါတယ်။

Definition : To collect one's composure under pressure.

Get it all together ရဲ့ အီဒီယံအဓိပ္ပာယ်က "တစ်ဦးတစ်ယောက် အနေနဲ့ ဖိအားပေးမှုအောက်မှာ တည်ငြိမ်အေးဆေးမှုရယူတယ်" ဖြစ်ပါတယ်။

E.g (1)

After he accident, Pete got it all together and began to joke about his bad luck.

မတော်တဆထိခိုက်မှုဖြစ်ပြီးနောက် ပီတီဟာ ဖိစီးမှုတွေအောက်မှာ တည်ငြိမ်အေးဆေးမှု ရယူနိုင်ခဲ့ပြီး သူ့ရဲ့ကံမကောင်းမှုနဲ့ ပတ်သက်လို့ ရယ်စရာပြောဖို့ စတင်ခဲ့တယ်။

(**Paraphrase :** Pete regained his composure and self-confidence.)

ပီတီဟာ တည်ငြိမ်အေးဆေးမှုနှင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကို ပြန်လည်ရယူခဲ့တယ်။

E.g (2)

The dancing couple slipped and fell, but quickly got it all together and continued the dance.

ကနေတဲ့စုံတွဲဟာ ချော်လဲပြီး ကျသွားခဲ့ပေမယ့် လျင်လျင်မြန်မြန်နဲ့ တည်ငြိမ်မှုကို ပြန်လည်စုစည်းပြီး အကကို ဆက်ကခဲ့ကြတယ်။

(**Paraphrase :** Even though they had fallen, the couple

mgyoe.com

continued as it nothing had happened.)

သူတို့လဲကျသွားခဲ့တာတောင်မှ ဘာမှမဖြစ်သလိုနဲ့ ဒိစုံတွဲက ဆက်က လို့နေခဲ့တယ်။

Definition(2): To be in full control of one's thinking; to have a clear purpose in mind.

Get it all together ရဲ့ ဒုတိယအိဒီယံအဓိပ္ပာယ်က "တစ်ဦးတစ်ယောက်ရဲ့ တွေးခေါ်မှုမှာ အပြည့်အဝထိန်းထိန်းသိမ်းသိမ်းရှိတယ်။ စိတ်ထဲမှာ ရှင်းရှင်းလင်းလင်း ရေရာပြတ်သားမှုရှိတယ်" ဖြစ်ပါတယ်။

E.g (1)

Randy is the kind of guy who knows where he's going and what he wants to do. He's got it all together.

ရန်ဒီက သူသွားနေတဲ့နေရာနဲ့ သူလုပ်ချင်တဲ့အရာကို အသေအချာသိတဲ့ လူစားမျိုးဖြစ်တယ်။ သူဟာ အပြည့်အဝ ထိန်းထိန်းသိမ်းသိမ်းရှိတယ်။

(**Paraphrase** : Randy is a cool, level-headed person with a plan of action.)

ရန်ဒီဟာ ဆောင်ရွက်မှု အစီအစဉ်နဲ့အတူ အေးဆေးပြီး စိတ်ထဲမှာ ကောင်းကောင်းထိန်းသိမ်း ချိန်ညှိတတ်တဲ့သူ ဖြစ်တယ်။

E.g (2)

Susan really has got it all together. She's never bothered by insults.

ဆူဆန်ဟာ အမှန်တကယ် ထိန်းထိန်းသိမ်းသိမ်းနဲ့ တွေးခေါ်နေထိုင်ခဲ့တယ်။ စော်ကားမှုတွေကို သူမက ဘယ်တော့မှ စိတ်အနှောင့်အယှက်မဖြစ်ဘူး။

(**Paraphrase** : Susan isn't easily upset.)

mgyoe.com

mgyoe.com

ဆူဆန်ဟာ လွယ်လင့်တကူ စိတ်အနှောင့်အယှက် မဖြစ်ပါဘူး။

Synonymous Expression(အဓိပ္ပာယ်တူ ဝေါဟာရဖော်ပြချက်)

Keep One's Head , Keep One's Wits About One, Keep One's Cool (slang)

အထက်ဖော်ပြပါအီဒီယံတွေရဲ့ အဓိပ္ပာယ်ကတော့ "အခက်အခဲ ဒါမှမဟုတ် အန္တရာယ်ကြုံတွေ့တဲ့အခါ အေးဆေးတည်ငြိမ်စွာ နေထိုင်ဖို့" ဖြစ်ပါတယ်။

❖

(TO) GET IT IN THE NECK

(to) Get it in the neck (or) (to) catch it in the neck ရဲ့ တိုက်ရိုက်အဓိပ္ပာယ်ကတော့ "လည်ပင်းကို ညှစ်မိတယ်" ဖြစ်ပါတယ်။

Definition : To be blamed or punished

Get it in the neck (or) catch it in the neck ရဲ့ အီဒီယံ အဓိပ္ပာယ်က "အပြစ်တင်ခံရတယ်၊ ဒါမှမဟုတ် အပြစ်ပေးခံရတယ်" ဖြစ်ပါတယ်။

E.g (1)

Esther <u>got it in the neck</u> because she forgot to turn off the car lights.

အက်စ်သာ အပြစ်ပေးခံရတယ်။ ဘာကြောင့်လဲဆိုတော့ သူမဟာ ကားမီးတွေကို ပိတ်ဖို့ မေ့ခဲ့လို့ပါပဲ။

(**Paraphrase** : She was punished for the damage to the car battery.)

mgyoe.com

mgyoe.com

ကားဘက်ထရီ ပျက်စီးသွားတဲ့အတွက် သူမ အပြစ်ပေးခံရတယ်။

E.g (2)

I really <u>caught it in the neck</u> because I didn't put the fire out.

ကျွန်တော် အပြစ်တင်ခံလိုက်ရတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် မီးမငြိမ်းသတ်ခဲ့လို့ပါ။

(Paraphrase : I was scolded for not putting out the fire.)

မီးမငြိမ်းသတ်ခဲ့လို့ ကျွန်တော် ဆူပူကြိမ်းမောင်းခြင်းခံရတယ်။

Synonymous Expression

(အဓိပ္ပာယ်တူ ဝေါဟာရဖော်ပြချက်များ)

Get it

Catch it

Get it (or) Catch it ရဲ့ အီဒီယံအဓိပ္ပာယ်က "ဆူပူကြိမ်းမောင်းခံရတယ် (သို့) အပြစ်ပေးခံရတယ်" ဖြစ်ပါတယ်။

Related Expression (ဆက်နွယ်ဖော်ပြချက်)

Get what's coming to one = to receive the good or bad that one deserves.

Get what's coming to one ရဲ့ အီဒီယံအဓိပ္ပာယ်က "တစ်ဦးတစ်ယောက်နဲ့ ထိုက်တန်တဲ့ အကောင်း (သို့) အဆိုးကို လက်ခံရရှိတယ်" ဖြစ်ပါတယ်။

❖

mgyoe.com

mgyoe.com

(TO) GET ONE'S GOAT

(to) Get one's Goat ရဲ့ တိုက်ရိုက်အဓိပ္ပာယ်ကတော့ "တစ်ဦးတစ်ယောက်ရဲ့ ဆိတ်ကို ရရှိတယ်" ဖြစ်ပါတယ်။

Definition : To make someone angry annoyed, or disgusted

(to) get one's goat ရဲ့ အီဒီယံအဓိပ္ပာယ်က "တစ်ဦးတစ်ယောက်ကို စိတ်ဆိုးအောင် ပြုလုပ်တယ်၊ စိတ်အနှောင့်အယှက်ဖြစ်စေတယ် (သို့) မနှစ်မြို့စရာ ဖြစ်စေတယ်" ဖြစ်ပါတယ်။

E.g (1)

It really <u>got Mr. Robert's goat</u> when he had to wait two hours to get his plane tickets.

သူ့လေယာဉ်လက်မှတ်တွေရရှိဖို့ နှစ်နာရီစောင့်ခဲ့ရတဲ့အခါ မစ္စတာရောဘတ်ဟာ အမှန်တကယ် စိတ်အနှောင့်အယှက်ဖြစ်သွားတယ်။

(Paraphrase : He was annoyed at the long delay.)

ရှည်ကြာတဲ့ နှောင့်နှေးမှုကြောင့် သူ စိတ်အနှောင့်အယှက်ဖြစ်သွားတယ်။

E.g (2)

The clerk's arrogant attitude <u>got my goat</u>.

ရုံးစာရေးရဲ့ မောက်မာတဲ့ ကိုယ်ဟန်အမူအရာက ကျွန်တော့်ကို စိတ်ဆိုးသွားစေတယ်။

(Paraphrase : I was angry because of the way the clerk acted.)

ရုံးစာရေးပြုမူဆက်ဆံပုံကြောင့် ကျွန်တော် စိတ်ဆိုးသွားတယ်။

mgyoe.com

Synonymous Expression
(အဓိပ္ပာယ်တူ ဝေါဟာရဖော်ပြချက်များ)

Bug = to annoy

Bug ရဲ့ အိဒီယံအဓိပ္ပာယ်က "စိတ်အနှောင့်အယှက်ဖြစ်တယ်" ဖြစ်ပါတယ်။

❖

(TO) GET SET

Get Set ရဲ့ တိုက်ရိုက်အဓိပ္ပာယ်ကိုကြည့်ရင် Get က 'ရရှိတယ်'၊ set က 'သတ်မှတ်တယ်' ဖြစ်ပါတယ်။

Definition : To get ready (to start)

(to) get set ရဲ့ အိဒီယံအဓိပ္ပာယ်က "(စတင်ဖို့) အဆင်သင့်ဖြစ်တယ်" ဖြစ်ပါတယ်။

E.g (1)

The runners stood still until the official raised his gun and said,"on your mark. <u>Get set</u>, Go!". And off they dashed.

အပြေးသမားတွေဟာ တာဝန်ရှိသူက သူ့သေနတ်ကို မြှောက်နေတဲ့ တိုင်အောင် ရပ်နေခဲ့ကြပြီး "အဆင်သင့်ပြင်၊ စပြေးတော့" လို့ တာဝန်ရှိသူက ပြောလိုက်တဲ့အခါ သူတို့ဟာ တဟုန်ထိုး ပြေးတော့တာပဲ။

(**Paraphrase :** They were ready to start the race at the signal from the official.)

တာဝန်ရှိသူမှ အချက်ပေးတဲ့အခါ သူတို့ဟာ ပြေးပွဲစတင်ဖို့ အဆင်သင့်ဖြစ်ခဲ့ပါပြီ။

mgyoe.com